# ဒီကနေ့စီးပွားရေး အကြပ်အတည်းနှင့် အမေရိကန်အင်ပါယာ

(ရဲဘော်ဖိုးသံချောင်း)

အမေရိကန်ဒေါ်လာ ကျဆင်းနေပါတယ်။ ဘာကျဆင်းတာလဲဆိုရင် သူ့ရဲ့တန်ဘိုး၊ သူ့ရဲ့အရေးပါမှု၊ သူ့ရဲ့အဆင့်နေရာ၊ အဖက်ဖက်က ကျဆင်းနေတာပါလို့ ပြောရပါမယ်။ မကြာခင်ကမှ အမေရိကန် အစိုးရဘဏ်ဥက္ကဋ္ဌအဖြစ်က အနားယူသွားတဲ့ အယ်လင်ဂရင်းစပင် (Alan Greenspan) က အသုံးပြုလိုက်တဲ့ နိမိတ်ပုံကတော့ အခု အမေရိကန်နိုင်ငံ ကြုံတွေ့နေရတဲ့ စီးပွားရေးကပ်ဟာ ရာစုနှစ်တခုမှာ တခါလောက် သာကြုံရတဲ့ ငွေရေးကြေးရေး ဆူနာမီကြီး ဖြစ်ပါသတဲ့။

ကွယ်လွန်သူ ဂျာမန်ဘောဂဗေဒပါမောက္ခရှမ်ပီတာက "ငွေကြေးဈေးကွက်ဟာ အရင်းရှင် စနစ်ရဲ့ ဗဟိုဌာနချုပ်ဖြစ်တယ်" လို့ပြောဖူးပါတယ်။ သူဒီလိုပြောချိန်ဟာ ညူးယောက်မြို့ကြီးက နိုင်ငံတ ကာငွေကြေးလောကရဲ့ ဗဟိုအချက်အခြာဖြစ်လာချိန်နဲ့ အမေရိကန်ဒေါ်လာက နိုင်ငံတကာသုံး ငွေကြေး ဖြစ်လာချိန်တို့နဲ့ တိုက်ဆိုင်နေပါတယ်။ သူ့အရင်က ကမ္ဘာ့ငွေကြေးဈေးကွက်ဟာ လန်ဒန်မှာ ဗဟိုပြုခဲ့တာပါ။ ဒါပေမဲ့ ကမ္ဘာစစ်နှစ်ခု၊ အထူးသဖြင့် ဒုတိယ ကမ္ဘာစစ်ကို တိုက်လိုက်ရတော့ အင်္ဂလိပ်ရဲ့စီးပွားရေးဟာ ပုံကျသွားပါတယ်။ အမေရိကန်ရဲ့ မြီစားဘဝ ရောက်သွားပါတယ်။ ဒီလိုနဲ့ ဒုတိယ ကမ္ဘာစစ်အပြီးမှာ စီးပွားရေး၊ ဘဏ္ဍာရေးစနစ်တွေကို ပြန်ထိန်းညှိကြတဲ့ ဘရက်တင်ဝုဒ်စ်ကွန်ဖရင့်မှာ အမေရိကန်ဒေါ်လာဟာ ရွှေနဲ့ တတန်းတည်း ကမ္ဘာသုံးငွေကြေး ဖြစ်လာခဲ့ပါတယ်။ အမေရိကန်တဒေါ်လာကို ရွှေတအောင်စနဲ့ အသေ သတ်မှတ်ခဲ့တဲ့အတွက် ဒေါ်လာဟာ စံထားရတဲ့ငွေကြေးလို ဖြစ်လာခဲ့ပြီး အမေရိကန်နိုင်ငံဟာ အဲဒီလိုငွေ ကြေးကို ထင်သလိုထုတ်လုပ်နိုင်တဲ့ နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဒါဟာဒီနိုင်ငံရဲ့စီးပွားရေး ထိုးတက်ဖို့ ဖြစ်လာခဲ့ပါတယ်။ တဖက်က ပြန်ပြောရင်တော့ ဘရက်တင်ဝုဒ်စ်ကွန်ဖရင့်ဟာ အမေရိကန်ကို အင်အားအကြီးဆုံး ဗိုလ်ကြီးဖြစ်လာအောင် အခြေအနေတွေ ဖန်တီးပေးခဲ့တာပါပဲ။ တချိန်ထဲမှာ ဒီဘရက်တင်ဝုဒ်စ်က ချမှတ် လိုက်တဲ့ အဆောက်အအုံဟာ အမေရိကန်နိုင်ငံစူပါ ပါဝါလုပ်နိုင်ရေးအတွက် ဘဏ္ဍာရေး အာမခံချက်လိုလည်း ဖြစ်ခဲ့ပါတယ်။

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းမှာ အမေရိကန်ဟာ တန်ပြန်တော်လှန်ရေး လုပ်ငန်းတွေ၊ ကွန်မြူနစ် ဆန့်ကျင်ရေးလုပ်ငန်း တွေကို ငွေကြေး ထောက်ပံ့တာ၊ အဲဒီအတွက် စစ်မဟာမိတ်တွေ ဖွဲ့တာ၊ ကမ္ဘာအနှံ့ စစ်စခန်းတွေချထားတာ၊ အရင်းရှင်ကမ္ဘာအတွင်း သူတို့ရဲ့ စက်မှုလုပ်ငန်းနဲ့ ဘဏ်လုပ်ငန်းတွေ ဖြန့်ကျက်ထည့်သွင်းတာတွေကို ဖောက်ချပြီးလုပ်ခဲ့ပါတယ်။ အမေရိကန်ရဲ့ စူပါ ပါဝါအဖြစ် ရပ်တည်မှုဟာ သူ့ဒေါ်လာက စူပါငွေကြေး ဖြစ်နေတာနဲ့ ခွဲမရပါဘူး။ အဲဒီလိုစူပါဘဝရဲ့ အထွတ်အထိပ်ဟာ အမေရိကန်ရဲ့ ရွှေခေတ်လို့ခေါ်ကြတဲ့ ၅၀ စုနှစ်များနဲ့ ၆၀ စုနှစ်များ အတွင်းမှာပါပဲ။ အဲဒီတုန်းက ကမ္ဘာမှာကုန် သွယ်ရေးအရ ထိပ်တန်းမှာနေတဲ့ နိုင်ငံတွေနဲ့ လုပ်ငန်းကြီးတွေက အမေရိကန်ဒေါ်လာကို ကမ္ဘာသုံးငွေ သဖွယ်လက်ခံထားလေတော့ အမေရိကန်နိုင်ငံပိုင်တဲ့ ရွှေအရေအတွက်ဟာလည်း တိုးပြီးရင်း တိုးရင်းသာ ဖြစ်နေခဲ့တာပါ။ ကျောထောက်နောက်ခံ ရွှေရဲ့ရာခိုင်နှုန်းဟာ ၁၉၃၈ ခုနှစ်အကုန်မှာ ၅% ရှိရာကနေ ၁၉၆၇ ခုနှစ်အကုန်မှာ ၅၈% တောင် ဖြစ်လာပါတယ်။

ဒါပေမဲ့အမေရိကန်နိုင်ငံရဲ့ ငွေပေးငွေယူရှင်းတမ်းဟာ ၁၉၅၀ ခုနှစ်ကစလို့ ဆူးအက်တူးမြောင်း စစ်ပွဲကာလ တနှစ်ကလွဲပြီး နှစ်စဉ် လိုအပ်မှု ပြနေခဲ့တာပါ။ ဒီလိုကွာဟမှုပြတာရဲ့ အကြောင်းရင်းဟာ ကုန် သွယ်ရေးကြောင့် မဟုတ်ပါဘူး။ အဓိကအကြောင်းက အမေရိကန်ရဲ့ ပြည်ပမှာလုပ်နေတဲ စစ်ရေးနဲ့ တခြား အဖျက်လုပ်ငန်းတွေကြောင့်သာ ဖြစ်ပါတယ်။ ဒီအထဲမှာသူတို့ရဲ့နောက်လိုက်ခွေး အစိုးရတွေကို ထောက်ပံ့ ရတာ၊ စစ်အခြေခံစခန်းတွေကို ထိန်းသိမ်းကျွေးမွေးရတာ၊ ရုပ်သေးစစ်တပ်တွေကို ငွေကြေးထောက်ပံ့ရတာ၊ စစ်တိုက်ရတာ၊ တခြား နိုင်ငံအတွင်းရေးတွေကို ဝင်စွက်ဖက်ရတာ စတာတွေ ပါဝင်ပါတယ်။ ၁၉၆၇ ခုနှစ်မှာဆိုရင် ဝါရှင်တန်ရဲ့ငွေပေးငွေယူရှင်းတမ်းမှာ ကုန်သွယ်ရေး ဘတ်ဂျက်က ၇.၉ သန်းအပိုပြခဲ့ပြီး နိုင်ငံရေး စစ်ရေး ဘတ်ဂျက်တော့ ၁၁.၉ ဘီလျံအလိုပြခဲ့ပါတယ်။ ဒီလိုနဲ့အမေရိကန်ရဲ့ အရံရွှေတွေရဲ့ တန်ဘိုးဟာ ၁၉၅၅ခုနှစ်နှစ်ကုန်မှာ ၂၁.၈ ဘီလျံရှိရာကနေ ၁၉၆၈ ခုနှစ်မေလမှာ ၁၀.၇ ဘီလျံကို ကျဆင်းလာ ပါတယ်။ အမေရိကန်လိုနိုင်ငံအဖို့ပြောရရင် အရံရွှေနဲ့တခြားနိုင်ငံတွေကရစရာရှိတဲ့ ဒေါ်လာအချိုးအစားက သူတို့အဖို့ ဘယ်လောက်လုပ်နိုင်တယ်ဆိုတာကို ပြဌာန်းပါတယ်။ နှစ်တွေကြာလာလို့ ဒီလိုကွာဟမှုတွေ ဆက်တိုက်ပြလာတာနဲ့အမျှ ဒေါ်လာကို အများသုံးငွေအဖြစ် သဘောထားတာဟာ မေးခွန်းထုတ်စရာ ဖြစ် သထက် ဖြစ်လာပါတယ်။ ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ သမတနစ်ကဆင်က အမေရိကန် ဒေါ်လာနဲ့ ရွှေနဲ့လဲလှယ်နှုန်း အသေသတ်မှတ်ထားမှုကို သူတို့ဖက်က တရားဝင်ဖျက်သိမ်းကြောင်း ကျေညာခဲ့ပါတယ်။ ဒါဟာ ငွေကြေးပေါ်လစီ၊ ဒါမှမဟုတ်စနစ်တွေနဲ့ အရင်းရှင်စနစ်ကို ထိန်းထားနိုင်မယ်ဆိုတဲ့ အမြင် တိမ်းစောင်းမှုကို တခါတည်း ပျောက်ကွယ်သွားစေခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်နောကပိုင်း ငွေကြေးစနစ်နဲ့ နိုင်ငံရေး စစ်ရေးမဟာမိတ်တွေလည်း တုန်လှုပ်ကုန်ခဲ့ရပါတယ်။

ဒီနေရာမှာကြုံလို့ အမေရိကန်နိုင်ငံရဲ့ စစ်သုံးစရိတ်ကို ထောက်ပြချင်ပါတယ်။ မစပ်စုဖူးသူတွေ အဖို့ အံ့မခန်းဖြစ်မှာပါ။ ၂၀၀၇ ခုနှစ် တုန်းက အမေရိကန်နိုင်ငံရဲ့ စစ်ရေးအသုံးစရိတ်ဟာ ၅၅၃ ဘီလျံဒေါ် လာ ဖြစ်ပါတယ်။ ဒါဟာ ၆ နှစ်အတွင်း ၆၀% တိုးလာတာဖြစ်ပါတယ်။ ဒါဟာ တကမ္ဘာလုံးက စစ်အသုံးစ ရိတ်စုစုပေါင်းရဲ့ ၄၅% ဖြစ်ပါတယ်။ ဒါပေမဲ့ တခြားစစ်ရေးဆံတဲ့ အသုံးစရိတ်တွေပါ ထည့်ပေါင်းလိုက်ရင် ၂၀၀၇ ခုနှစ်မှာ အမေရိကန်က စစ်ရေးအတွက်သုံးတာဟာ ဒေါ်လာ ၁ ထရီလျံ (ဘီလျံ ၁ ထောင်) ရှိလိမ့် မယ်လို့ တွက်ကြပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးကနေ ၁၉၆၀စုနှစ်များအထိ ကမ္ဘာ့စီးပွားရေးဟာ ၄% နဲ့ ၇% အကြားရှိ နှုန်းနဲ့ အဟုန်ကြီးစွာ တိုးတက်နေတာဖြစ်တယ်။ ဒါပေမဲ့ ၁၉၇၀ စုနှစ်များနောက်ပိုင်းကစပြီး တိုးတက်မှု နှုန်းဟာ ၂% နဲ့ ၄% အကြားသာရှိပြီး အင်မတန်မှနှေးကွေးလှပါတယ်။ ၂၀၀၁ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ်တို့မှာတော့ ကမ္ဘာ့စီးပွားရေးဟာ အကြပ်ဆိုက်ခဲ့ပါတယ်။ အဲဒီ စီးပွားရေးနှေးကွေးမှုနောက်ပိုင်း အမေရိကန် နိုင်ငံရဲ့ စီးပွားရေးဟာ နည်းနည်းမှ အားရစရာ မကောင်းခဲ့ပါဘူး။

၂၀၀၁ ခုနှစ်နောက်ပိုင်းမှာ အမေရိကန်နိုင်ငံရဲ့စီးပွားရေးကို အိမ်တွင်းသုံးစွဲမှုတိုးများလာမှုက ဆွဲခေါ်သွားတယ်လို့ဆိုရင် မမှားပါဘူး။ ဒီသုံးစွဲမှုဟာ အခုအခါ အမေရိကန်နိုင်ငံဂျီဒီပီရဲ့ ၇၀% တောင်ရှိ ပါတယ်။ ဒါပေမဲ့ အိမ်ထောင်စုတွေမှာ စီးပွားရေးမကောင်းတာ၊ ဝင်ငွေ မကောင်းတာတွေ ရှိနေတော့ သူတို့က သုံးစွဲတယ်ဆိုတာမှာ အကြွေးသုံးစွဲတဲ့ရာခိုင်နှုန်းက အများကြီးဖြစ်နေပါတယ်။ ဒီလိုနဲ့ ဒီနိုင်ငံမှာ အိမ်ထောင်စုများရဲ့ကြွေးတင်မှုဟာ အရင်က သုံးစွဲနိုင်တဲ့ဝင်ငွေရဲ့ ၉၀% ရှိရာကနေ ၂၀၀၀ ခုနှစ်လောက်ဆီမှာ ၁၀၃% ဖြစ်လာပြီး ၂၀၀၆ - ၀၇ ခုနှစ်မှာတော့ ၁၄၀% တောင်ဖြစ်လာခဲ့ပါတယ်။

ကြွေးပြန်ဆပ်ရတာကိုက သုံးစွဲနိုင်တဲ့ဝင်ငွေရဲ့ ၁၄% လောက်ရှိပြီး ဒါဟာ သမိုင်းစံချိန် သစ်ဖြစ်ပါတယ်။ တဖက်မှာကျတော့ အိမ် ထောင်စုများရဲ့စုငွေဟာ ပုံမှန်အားဖြင့် သုံးစွဲနိုင်တဲ့ဝင်ငွေရဲ့ ၁၀% လောက်ရှိရာကနေ အခုအခါမှာ သုညကို ရောက်သွားပါတယ်။

ဒီလိုအိမ်ထောင်စုတွေရဲ့ သုံးစွဲမှုအပေါ်မှီခိုနေရတဲ စီးပွားရေးတိုးတက်မှုဟာ အဲဒီအိမ်ထောင်စု တွေရဲ့လက်ထဲမှာရှိနေတဲ့ စတော့ တန်ဘိုးတွေ၊ အိမ် - ခြံတွေရဲ့တန်ဘိုး စတာတွေနဲ့ ဆက်နေပါတယ်။ လူတွေဟာ ဒီအယင်အီလက်ထရွန်းနစ်ဈေးကွက် အကြောင်းပြပြီး စီးပွား ရေးကောင်းလိုက်တဲ့ ကာလဆီ တုန်းက ဝယ်လိုက်ကြတဲ့စတော့တွေကိုင်ပြီး အကြွေးရတဲ့အိမ်ယာတွေကို အရမ်းဝယ်ကြတာကနေ အဲဒီ လေပူဖောင်းတွေ ပေါက်တော့ ဒုက္ခ အကြီးအကျယ် ရောက်ကုန်ကြတာဖြစ်ပါတယ်။ သာမာန်ပြည်သူတွေ ကတော့ ဒါဟာဘဏ်ကြီးတွေက လောဘရမ္မက်ကြီးပြီး အရမ်း ထုတ်ချေးလို့ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒါကြောင့်လည်း ကမ္ဘာမှာအကြီးဆုံး ငွေချေးပေးတဲ့ ဂျေပီမော်ဂင်ချေ့စ် (JP Morgan Chase) တို့လို ဘဏ်ကြီးတွေနဲ့ လေးမန်း ဘရားသား (Lehman Brothers) လို ရင်းနှီးမြှုပ်နှံရေးဘဏ်ကြီးတွေထိပ်ဆုံးက ပြိုလဲသွားတာ ဖြစ်ပါတယ်။

ဖိုင်နင်ရှင်တိုင်းမ်စ ဘောဂဗေဒပညာရှင်/ဆောင်းပါးရှင် မာတင်ဝုဖ် (Martin Wolf) က အမေရိကန်နိုင်ငံရဲ့ အရင်းရှင်စနစ်ဟာ ၂၀ ရာစုနှစ် အလယ်ပိုင်းလောက်ကစပြီး ဘဏ္ဍာရေးအရင်းရှင်စနစ်ထဲ ဝင်ခဲ့တယ်လို့ ရေးဖူးပါတယ်။ ပြောမယ်ဆိုလည်း ပြောစရာပါ။ ၂၀၀၄ ခုနှစ်၊ အမေရိကန်နိုင်ငံမှာ ကုန်ထုတ် လုပ်မှုကရတဲ့ အမြတ်ငွေဟာဒေါ်လာ ၅၃၄ ဘီလျံရှိခဲ့ပြီး၊ ဘဏ္ဍာရေးလုပ်ငန်းကရရှိတဲ့ အမြတ်ကတော့ ဒေါ်လာဘီလျံ ၃၀၀ တောင်ရှိပါတယ်။ ဒါဟာ အကောင်အထည်မပါပဲ စာရင်းတွေလက်လွှဲတာလုပ်ရင်း "ဖြစ်ပေါ်လာတဲ့ (စာရင်းအရ) အမြတ် တွေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် လေးဆယ်က ဆိုရင် ဘဏ္ဍာရေး လုပ်ငန်းကရတဲ့အမြတ်ဟာ ကုန်ထုတ်လုပ်မှုကရတာရဲ့ ၄% သာရှိပါတယ်။ နှိုင်းယှဉ်ကြည့်ဖို့ပါ။ ဒီလိုနဲ့ ငွေကြေးလောကဟာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ နောက်ဆုံး နိုင်ငံရေးကိုတောင် ချုပ်ကိုင် ခြယ်လှယ်တဲ့ အဆောက်အအုံကြီးဖြစ်လာခဲ့ပါတယ်။ ရုပ်ဝတ္ထု အကောင် အထည်ကိုမဖြတ်သန်းပဲ ငွေကနေ ငွေ၊ စာရင်းကနေစာရင်းဖြစ်တဲ့ စီးပွားရေးက လွန်ကဲလာတဲ့ လက္ခဏာ ဖြစ်ပါတယ်။

တဖက်မှာတော့လည်း အမေရိကန်နိုင်ငံအဖို့ ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုတွေကို ပြည်ပသို့တင်ပို့ တာထက် တင်သွင်းတာက ပိုများ လာပါတယ်။ ဒီအနေအထားတွေနဲ့ စစ်သုံးစရိတ် မြင့်တက်လာမှုတို့ကြောင့် အမေရိကန်နိုင်ငံရဲ့စီးပွားရေးဟာ ငွေပေးငွေယူ ရှင်းတမ်းကွာဟမှုတွေ ဆက်တိုက်ပြလာတာ ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်က ငွေပေးငွေယူရှင်းတမ်း ကွာဟမှုဟာ ဒေါ်လာဘီလျံ ၈၀၀ ကျော်ပြီး သူတို့ ဂျီဒီပီရဲ့ ၆% ရှိပါတယ်။ ဒီကွာဟချက်ကို ပြည်ပနိုင်ငံတွေက ဝင်ငွေတွေနဲ့ပြန်ထိန်းညှိပါတယ်။ ဥပမာတခုပြရရင် အဲဒီနှစ်မှာ အမေရိကန်ရဲ့ ငွေကြေးရှင်းတမ်းက ဒေါ်လာ ၆.၅ သန်းအရှုံးပြနေပြီး ဂျပန်နဲ့တရုတ်တို့ကတော့ ဒေါ်လာ ၃.၉ သန်းနဲ့ ၉.၁ သန်းပိုနေပါတယ်။ သူတို့ကဒီပိုနေတဲ့ငွေတွေကို အမေရိကန်နိုင်ငံထဲမှာပဲ အရင်းအနှီးတွေ ဝယ်ယူလိုက်ပါတယ်။ အခုဆိုရင် ကမ္ဘာ့ငွေကြေးဈေးကွက်က စာရင်းမညီမျှမှုတွေကို ထိန်းညှိဖို့အတွက် တနေ့ကိုဒေါ်လာ ၂ ဘီလျံလောက် အမေရိကန် နိုင်ငံထဲကို စီးဆင်းနေရပါတယ်။ ဒီအတွက် တွေးတော ပူပင်နေကြသူတွေကတော့ အခုလို မေးခွန်းထုတ်ပါတယ်။ တသက်လုံး ဒီအတိုင်းပဲသွားနေရတော့ မှာလားတဲ့။

ဒီတခါ အမေရိကန်နိုင်ငံရဲ့ ဘဏ္ဍာရေးအကြပ်ဆိုက်မှုကြီးမှာ သိသိသာသာပေါ်ထွက်လာတဲ့ ကိစ္စတခုကတော့ အမေရိကန်က ခေါင်းဆောင်တွေနဲ့ ဘောဂဗေဒပညာရှင်တွေပြော - ပြောနေတဲ့ သူတို့ နိုင်ငံရဲ့ဈေးကွက်ဘဏ္ဍာရေး၊ လွတ်လပ်စွာ စီးဆင်းတဲ့ဘဏ္ဍာရေးစနစ်ဆိုတာ အလိမ်အညာသာဖြစ်တယ် ဆိုတာပါပဲ။ ထိပ်တန်းဘဏ်ကြီးတွေ ဒုက္ခရောက်ကြတော့ သမတကိုယ်တိုင် ရှေ့ကထွက်လာပြီး ပြည်သူ့ ဘဏ္ဍာဘီလျံပေါင်း ၇၀၀ နဲ့ ပြန်ကယ်တင်တာပါပဲ။ တကယ်က အမေရိကန်နိုင်ငံရဲ့ ထိပ်ဆုံးလုပ်ကြီး ၅၀၀ စာရင်းထဲမှာ ပါတဲ့လုပ်ငန်းတွေထဲ မှာ ၇% လောက်ဟာနိုင်ငံတော်က "ကယ်တင်" ထားရတာတွေပါ။ ဒ့ါ အပြင် သီးနှံလုပ်ငန်းတွေကို နိုင်ငံတော်က ပံ့ပိုးတယ်ဆိုတာမျိုးတွေလည်း ရှိပါသေးတယ်။

တကယ်လို့သာ အမေရိကန်ဒေါ်လာကို စီးပွားရေးအရ အင်အားကြီးနိုင်ငံတွေက နိုင်ငံတကာ ငွေအဖြစ် လက်ခံထားမယ်၊ ကိုယ့်အရံငွေတွေကို ဒေါ်လာအဖြစ် ထားမယ်ဆိုရင် ဒေါ်လာဟာ ရွှေနဲ့တတန်းတည်း အသုံးဝင်တဲ့ငွေကြေးဖြစ်နေမှာပါ။ ဒါပေမဲ့ ဒီလိုဖြစ်ဖို့ဆိုရင် အမေရိကန်ဟာ အစဉ်ပဲ နိုင်ငံရေး - စစ်ရေးအရရော စီးပွားရေးအရပါ ကမ္ဘာ့ထိပ်တန်း ဒင်ကမော်ဖြစ်နေဖို့လိုပါတယ်။ ဒါဆိုရင် သူ့မှာ "မျိုးချစ်" တွေလည်းပေါ၊ "မဟာမိတ်" တွေလည်းဝိုင်းပြီး လက်ညှိုးညွှန်ရာရေဖြစ်လို့ ထိသမျှရွှေဖြစ်နေမှာပါ။ ဒါပေမဲ့ အထက်မှာပြောခဲ့သလိုပဲ အမေရိကန်နိုင်ငံရဲ့စီးပွားရေးဟာ သင်္ချိုင်းရတရားကို မလွန်ဆန်နိုင်လေတော့ သစ္စာအရှိဆုံးလို့ထင်ရသူတွေကတောင် ဖဲကျဉ်တာကို တွေ့လာရပါတယ်။ တလောကပဲ ပြင်သစ်၊ ဂျာမဏီ စတဲ့နိုင်ငံတွေဟာ ရုရှား၊ တရုတ်လိုနိုင်ငံများနဲ့ ကမ္ဘာ့ငွေကြေးစနစ်အသစ်တရပ် ထူထောင်ဖို့ တိုင်ပင်ကြတယ် ဆိုတဲ့ သတင်းထွက်ပေါ်လာပါသေးတယ်။

ဒေါ်လာရဲ့တန်ဘိုးဟာ ငါးနှစ်မျှဆက်တိုက်ထိုးကျပြီး ယခုအခါတခြားနိုင်ငံတွေက ငွေကြေး မျိုးစုံနဲ့ လဲလှယ်နှုန်းဟာအရင်ထက် ၂၅% တောင်နိမ့်ကျသွားပါတယ်။ ၂၀၀၈ ခုနှစ်ဇန်နဝါရီလမှာ ယူရိုနဲ့ လဲနှုန်းဟာ ၁၀၀း၁၄၈ တောင်ဖြစ်သွားပါတယ်။ ဒါဟာ ဒေါ်လာရဲ့ယူရိုနဲ့လဲလှယ်နှုန်း အမြင့်ဆုံးဖြစ်တဲ့ ၂၀၀၀ ခုနှစ်ထက် ၄၀% တောင်ကျသွားတာဖြစ်ပါတယ်။ ဒီအခြေအနေတွေကြောင့် ရေနံတင်ပို့တဲ့ နိုင်ငံတွေဟာ ရေနံတန်ဘိုးကို ဒေါ်လာနဲ့ မသတ်မှတ်တော့ပဲ တခြားတခုခု (ဥပမာယူရို) နဲ့ သတ်မှတ်ဖို့အသံတွေ ပေးနေကြတာဖြစ်ပါတယ်။ ဒါကို အီရတ်က ဆာဒမ်ဟူစိန်က ၂၀၀၀ ခုနှစ်မှာ လက်တွေ့ အကောင်အထည် ဖော်ခဲ့ပါတယ်။ သူက သူ့ရဲ့အရံငွေဒေါ်လာ ၁၀ ဘီလျံကို ယူရိုတွေအဖြစ် ပြောင်း လဲပစ်လိုက်ပါတယ်။ အဲဒီ လုပ်ရပ်ကြောင့် ဆာဒမ်ဟူစိန် သေဒဏ်ကျသွားတာပါ။ ဆာဒမ်ကိုအမေရိကန်က ၉၁၁ အဖြစ်အပျက်မတိုင်မီ ကတည်းက ဆုံးမဖို့ဆုံးဖြတ်ပြီးဖြစ်ပါတယ်။

ဒီနေ့ခေတ် အရင်းရှင်စနစ်ရဲ့ ထူးခြားချက်တခုက အရင်လိုအရင်းအနှီးတွေ တင်ပို့တာ မဟုတ်ဘဲ စုပ်ယူနေတာဖြစ်ပါတယ်။ အမေရိကန် နိုင်ငံရဲ့ ဘဏ္ဍာရေးရှင်းတမ်းမှာ ပြည်ပကို သူကပေးစရာရှိနေတဲ့ အကြွေးဟာ သူ့ဂျီဒီပီရဲ့ ၂၅% တောင်ရှိနေပါတယ်။ သူဟာ ကမ္ဘာ့အရင်းအနှီးတွေရဲ့ ၆၀% လောက်ကိုစုပ် ယူနေတယ်လို့လည်း ပြောကြပါတယ်။ အဲဒီအထဲက ၃၇% ဟာဆိုရင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဆီကလာတာပါ။ ဒါကြောင့် အခုကာလမှာ ပိုင်ဆိုင်မှုဟာနိုင်ငံတခု၊ ဒါမှမဟုတ် နိုင်ငံတစုလက်ထဲမှာပဲ စုနေတာ မဟုတ်တော့ဘဲ နိုင်ငံ အများအပြား လက်ထဲမှာ ပြန့်နေတယ်လို့ ဆိုရမလို ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုလောက် ကစပြီး ကမ္ဘာပေါ်ရှိတိုင်းပြည် အတော်များများမှာ မယုံနိုင်လောက်တဲ့ စီးပွားရေးတိုးတက်မှုနှုန်းတွေ ပေါ်ပေါက်နေတာကို တွေ့ရပါတယ်။ ဒါဟာရှိရင်းစွဲအရင်းရှင် နိုင်ငံကြီးတွေကို အံ့တုတယ်၊ စိမ်ခေါ်တယ်လို့ မ ဆိုနိုင်တောင်မှ အဲဒီနိုင်ငံကြီးတွေကို ရတက်မအေး ဖြစ်စေတာကတော့ အမှန်ပါပဲ။

သတိပြုရမှာက အဲဒီနိုင်ငံတွေမှာ အမေရိကန်လို အီရတ်နဲ့အာဖဂန်မှာ စစ်နွှံနစ်နေတာမျိုး မရှိပါဘူး။

အခုလောလောဆယ်မှာ အမေရိကန်ရဲ့ ကမ္ဘာ့နံပတ်တစ်နေရာနဲ့ အမေရိကန်ဒေါ်လာရဲ့ အစွမ်းကို ဘယ်နိုင်ငံ၊ ဘယ်ငွေကြေးက အစားထိုးမယ်ဆိုတာကို ပြောဖို့သိပ်ခက်ပါသေးတယ်။ အခြေအ နေတွေက စောတုန်းပါပဲ။ ဒါပေမဲ့ ဝါရှင်တန်ရဲ့တန်ခိုးအာနဘော်ရော ဒေါ်လာရဲ့ဩဇာပါ သိသိသာသာကြီး ကျဆင်းလာတယ်ဆိုတာကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး။ အမေရိကန်အိပ်မက် (American Dream) ဆိုတာကိုဆက်ထိန်းဖို့ဟာ စရိတ်စကြီးလွန်းလှလို့ စဉ်းစားစရာ ဖြစ်နေပါပြီ။

အခုအခါမှာ ဒေါ်လာတန်ဘိုးကျလို့ အမေရိကန်ရဲ့ အဆင့်နေရာ လျှော့ကျတာလား၊ အမေရိကန်ရဲ့ အဆင့်နေရာလျှော့ကျလို့ ဒေါ်လာတန်ဖိုးလျှော့ကျတာလားဆိုပြီး ကြက်နဲ့ကြက်ဥ ဘယ်ဟာက အစလဲဆိုတဲ့ မေးခွန်းထုတ်နေရမယ့်အချိန် မဟုတ်ပါဘူး။ မုချဖြစ်ပေါ် လာတော့မယ့် နိုင်ငံတကာ့ အခင်းအကျင်း အသစ်အတွက် စဉ်းစား ပြင်ဆင်ကြရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ အမေရိကန်နိုင်ငံကိုယ်တိုင် အပါ ဖြစ်ပါတယ်။

(အချက်အလက်များကို အင်တာနက်စာမျက်နှာများက ရပါတယ်။)